# ပါစကားကာလ ဆဋ္ဌမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၅း၉ - ၁၇

ယနေ့ဖတ်ရတဲ့ ရှင်ယောဟန် ဧဝံဂေလိကျမ်းမှာ ယေရှုဘုရားရှင်မိန့်တော်မူတာက "ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကို ချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့။ ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့ သင်တို့သည် ငါ၏ပညတ်တို့ကို စောင့်ရှောက်လျှင် ငါ၏ချစ်ခြင်းမေတ္တာ၌ တည်နေကြလိမ့်မည်" ။ ယေရှုဘုရားရှင် ဆိုလိုတာက "သင်တို့ကို ငါချစ်တယ်။ ဘယ်လိုချစ်တာလဲဆိုရင် ခမည်းတော်က ငါ့ကို ချစ်သလို ချစ်တယ်။" "အမြဲတမ်း ငါ့အချစ်နဲ့ ခွဲခွာမသွားကြနဲ့။" လို့ ဆိုတာက "ငါ၏ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့။" ဘယ်လို တည်နေရမှာလဲ၊ ဘယ်လို သခင်ယေရှုအချစ်နဲ့ မကွဲမကွာ နေရမှာလဲဆိုတော့ "သခင်ယေရှုရဲ့ပညတ်တော်ကို လိုက်နာခြင်းအားဖြင့် " တဲ့ ။

ဒါဆိုရင် သခင်ယေရှုရဲ့ ပညတ်တွေကို မလိုက်နာနိုင်ရင် သခင်ယေရှုက မချစ်တော့ဘူးလို့ ဆိုလိုနေသလား။ မဆိုလိုပါဘူး။ သခင်ယေရှုရဲ့ပညတ်တော်က ဘာပါလိမ့်လို့ ဆက်ဖတ်ကြည့်လိုက်ရင် "ငါ၏ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်း ချစ်ကြလော့" တဲ့ ။ အော် . . သခင်ယေရှုရဲ့ပညတ်က ငါတို့ တစ်ယောက်ကို တစ်ယောက် ချစ်ကြဖို့ပါလား။ ဒါဆိုရင် တစ်ယောက်ကိုတစ်ယောက် ချစ်ခိုင်းတဲ့ပညတ်ဆိုတော့ ကျနော်တို့ လက်ခံဖို့ဘာခက်လို့လဲ။

ဒါနဲ့ စဉ်းစားစရာတစ်ခုက ချစ်ခိုင်းတာကို ပညတ်/ဥပဒေ/အမိန့် လို့ ခေါ်လို့ရသလား။ ပြောချင်တာက "အမိန့်အရမို့လို့ ငါ နင့်ကို ချစ်တာနော်။ သခင်ယေရှုက ချစ်ခိုင်းလို့သာ ချစ်ရတာ (ချစ်ချင်လို့ ချစ်တာ မဟုတ်ဘူးနော်) ဆိုရင် အဲ့ဒါ တကယ်ချစ်ရာ ရောက်သေးသလား။ "သခင်ယေရှုက ပညတ်ထားလို့သာ ချစ်ရတာပါ" ဆိုရင် အဲ့ဒါကို ချစ်ခြင်းလို့ ခေါ်နိုင်သေးလို့လား။ တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ အမိန့်အရ ချစ်ရတာ မဟုတ်ပါဘူး။ အစပထမ ဘုရားက ကျနော်တို့ကို ချစ်လို့ ကျနော်တို့လည်း ဝမ်းသာအားရနဲ့ သူတစ်ပါးတွေကိုပါ ဘုရားကကျနော်တို့ကို ချစ်သလို ချစ်သွားကြတာပါ။

ဘာသာသူတွေ အာပတ်လာဖြေရင် များသောအားဖြင့် အပေါ်ယံ မြင်သာတဲ့အပြစ်တွေကိုပဲ လာလျှောက်ကြပါတယ်။ "သူတစ်ပါးနဲ့ ရန်ဖြစ်မိပါတယ်၊ ဆဲမိပါတယ်။ သူတစ်ပါးနာမည်ပျက်အောင် အတင်းအဖျင်း ပြောမိပါတယ် " စသဖြင့်ပေါ့။ တစ်ကယ်တမ်း သင့်ရဲ့ စိတ်နှလုံးသားထဲက အပြစ်တွေကို ဖြစ်စေတဲ့အမြစ်ရင်းက ဘာလဲ။ ဒီအပြစ်တွေ ဖြစ်လာစေတဲ့အကြောင်းအရင်း သင့်ရဲ့အရင်းခံစိတ်ထားက ဘာလဲ။ အရင်းခံ စိတ်ထားရင်းကတော့ သူတစ်ပါးကို မချစ်တာပဲ။ သင့်စိတ်ထားရင်းကိုက မှားနေတာ။ သင့်စိတ်ထားရင်းကို ပြင်ရမှာ၊ အပေါ်ယံအပြစ်တွေကို လျှောက်နေလို့ကတော့ ဘယ်တော့မှ အဆုံးသတ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် သခင်ယေရှုရဲ့ ပညတ်အတိုင်း သူတစ်ပါးကို ချစ်ဖို့ သင့် စိတ်ထားရင်းက လက်ခံရဲ့လား။ ဒါကို အရင် စစ်ပါ။ သင့်စိတ်ထားရင်းက သူတစ်ပါးကို ချစ်ဖို့ သဘောမတူဘူး/ လက်မခံဘူးဆိုရင်တော့ သင်ဟာ သခင်ယေရှုရဲ့အချစ်တဲ့ လမ်းခွဲသွားတော့တာပါပဲ။

အကယ်၍ သင့်ရဲ့စိတ်ထားရင်းက သူတစ်ပါးကို ချစ်ဖို့ သဘောတူတဲ့စိတ်ထား/လက်ခံတဲ့စိတ်ထား ရှိထားတယ်၊ စိတ်ကောင်းရှိထားတယ်ဆိုရင် သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာ၌ တည်နေပါတယ်။ ရံဖန်ရံခါ အားနည်းလို့ အပြစ်လုပ်မိတာတွေကတော့ သေတဲ့အထိ ရှိမှာပါ။ ဒါပေမဲ့ အားမငယ်ပါနဲ့၊ သင့်စိတ်ထားရင်းက သူတစ်ပါးကို ချစ်ဖို့/စိတ်ကောင်းရှိဖို့ အမြဲလက်ခံတဲ့သူဆိုရင် သင့်ဟာ သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာ၌တည်နေပါတယ်။

ကျနော်တို့ဟာ သူတစ်ပါးကို ဘယ်လို ချစ်ရမလဲဆိုတာ သခင်ယေရှုမိန့်တော်မူထားတာက "ငါသည် သင်တို့ကို ချစ်သည့်နည်းတူ " တဲ့ ။ သခင်ယေရှု ချစ်သလို ချစ် တဲ့ ။ သခင်ယေရှုက ကျနော်တို့ကို ဘယ်လိုချစ်သလဲ။ "ကိုယ့်မိတ်ဆွေအဖို့ ကိုယ့်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။ " သခင်ယေရှုက ကျနော်တို့ကို ဘယ်လိုချစ်သလဲဆိုရင် ကိုယ့်အသက်ကို စွန့်တဲ့အထိချစ်တယ်ဆိုတာကို ဖော်ပြလိုက်တာပါပဲ။ သခင်ယေရှု ချစ်သလို ချစ် ဆိုတာက ကိုယ့်အသက်ကို ပေးဆပ်စွန့်လွှတ်တဲ့အထိ သူတစ်ပါးကို ချစ်ခိုင်းတာပါ။

ယနေ့ ဖတ်ရတဲ့ ဒုတိယကျမ်း ရှင်ယောဟန် ပထမစောင်မှာ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ မချစ်တဲ့သူဟာ ဘုရားနဲ့ ဘာမျှမဆိုင် " လို့ ခတ်ရှင်းရှင်း ဆုံးမထားပါတယ်။ ဟုတ်ပါတယ်။ သင့်ရဲ့ဝိညာဉ်ရေးဟာ ဘယ်လောက်တောင် တိုးတက်နေပြီလဲဆိုတာ သိချင်ရင် ဘာနဲ့တိုင်းတာမလဲ။ သင် သူတစ်ပါးကို ဘယ်လောက်တောင် ချစ်တတ်ပြီလဲဆိုတာ ကြည့်ရပါလိမ့်မယ်။

ဘုရားသခင်ကို သင့်စိတ်ထဲမှာ ဘယ်လို အမြင်ရှိထားသလဲ။ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" မှန်မှန်ကန်ကန် ထုတ်ဖော်ပြထားတဲ့အတိုင်းပဲ အမြင်ရှိရပါမယ်။ ဘုရားသခင်ဆိုတာ အချစ်တတ်ဆုံး ပုဂ္ဂိုလ် လို့ အမှန်ဆုံး မြင်တတ်ရပါမယ်။ ဒါကြောင့် တစ်ချို့ နားမလည်တဲ့လူတွေက "ဘုရားက သိတ်ကောင်းမြတ်လွန်းလို့ မကောင်းတဲ့လူတွေကို ရွံ့ရှာမုန်းတီးတယ်၊ ဒဏ်ခတ်ချင်နေတဲ့သူလို့ ထင်နေရင် မှားမှာပေါ့။ မှားရုံတင်မကဘူး၊ ဘုရားကို အဲ့လို အတိမ်းအစောင်းမခံတဲ့ပုဂ္ဂိုလ်၊ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ် လို့ ယူဆနေတာကိုက ဘုရားကို စော်ကားနေပြီ၊ ဘုရားကို အထင်သေးနေပြီပဲ။ ရိုင်းရိုင်းပြောရရင် "ဘုရားက ငါ့လောက်တောင် မကောင်းဘူး၊ ငါ့လောက်တောင် မချစ်တတ်ဘူး"လို့ အထင်သေးရာရောက်နေပြီ။ ဒါဟာ အပြစ်ဖြစ်ပါတယ်။

ဒါကြောင့် သင့်ဘဝမှာ အားငယ် စိတ်ပျက်မိတဲ့အခါတိုင်း "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။" ဘုရားဆိုတာ အချစ်တတ်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာ သတိယပါ။ ဘုရားကို အရှိအဖြစ်မှန်အတိုင်း မြင်ပါ။ အားလုံးစုံးကို တတ်နိုင်တဲ့ဘုရား၊ သေရာမှပြန်ရှင်နိုင်တဲ့ဘုရားက သင့်ကို အသက်စွန့်ပေးတဲ့အထိ ချစ်တယ် တဲ့။ ဘယ်လောက် အားတက်စရာကောင်းသလဲ ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။